
# SEIKKU CHO CHO
PUBLISHING HOUSE

mgyoe.com



## ဒေါက်တာသန်းထွန်း

# မှိုင်းငိုကာအရယ်ရယ်ကာ
# နိုင်ငံရေးသဘောထား
# အတွေတွေ

mgyoe.com

mgyoe.com

**Various Kinds of BOOKS**
**Different FORM of ARTS.**

အမျိုးမျိုးသောစာအုပ်အစုံစုံတို့၏ အသွင်ကွဲပြားသောအနုပညာ

DTH0002

700.00 KS

၁၉၉၉ ခုနှစ်တွင် စတင်ကာ
၂၀၀၉ ခုနှစ်တွင်ကျရောက်သော
၁၀ နှစ်ပြည့် စိတ်ကူးချိုချိုစာအုပ်တိုက်၏
အမှတ်တရဖြစ်ဖွယ် အကြိုစာအုပ်များ
၁၁

mgyoe.com

mgyoe.com

နိုင်ငံရေး

သန်းထွန်း၊ ဒေါက်တာ
မိုင်းငို့ကာအရပ်ရပ်က နိုင်ငံရေးသဘောထားအတွေ့ထွေ/
ဒေါက်တာသန်းထွန်း ။ -ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၀၉။
စာမျက်နှာ ၇၄ မျက်နှာ၊ ၁၁.၂ စင်တီ× ၁၈ ၃ စင်တီ
(၁)မိုင်းငို့ကာအရပ်ရပ်က နိုင်ငံရေးသဘောထားအတွေ့ထွေ

မိုင်းငို့ကာအရပ်ရပ်က နိုင်ငံရေးသဘောထားအတွေ့ထွေ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၅၉၀၇၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၁၁၈၀၇၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.s.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ တာမွေ၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် သစ္စာ


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မှိုင်းဦးကာအရပ်ရပ်က နိုင်ငံရေးသဘောထားအတွေ့တွေ

ပြည်ရွှေတောင်အနားက ဝါးလည်ရွာ ဦးစံဒွန်း၊ ဒေါ်အုံး တို့မှ ၂၃၊ မတ်၊ ၁၈၇၆ နေ့က သားငယ်တစ်ယောက်ကို မွေး ဖွားပါတယ်။ အဲဒီသားငယ်ဟာ နောင်အခါ သခင်ကိုယ်တော် မှိုင်းအမည်နဲ့ မြန်မာသိ ကမ္ဘာသိ ပုဂ္ဂိုလ်ကျော်တစ်ဦး ဖြစ်လာ ခဲ့တယ်။ အင်္ဂလိပ်မြန်မာနိုင်ငံခေါ်တဲ့ အောက်ပြည်အောက်ရွာ မှာမွေးလို့ မွေးကတည်းက အင်္ဂလိပ်ကျေးတော်မျိုး ကျွန်တော် မျိုးအဖြစ်နဲ့ မွေးတယ်လို့ ပထမ ကျွန်တော်တို့ နားလည်ထား ကြပါတယ်။ ပတ်ဝန်းကျင်အခြေအနေလိုက်ပြီး အင်္ဂလိပ်စာ တတ်တစ်ဦး ဖြစ်မယ်၊ ခေတ်အခါလိုက်ပြီး ငါးထောင်စားရာထူး မှန်းတဲ့လူ ဖြစ်မယ်ဆိုတဲ့ အန္တရာယ်တွေရှိတယ်။ ဆိုလိုတာက သူသာ မြို့တက်ပြီး တန်းကျောင်းနေ အင်္ဂလိပ်စာသင်ဆိုရင် တစ်နည်းနည်းနဲ့ ထင်ရှားကျော်ကြားတဲ့လူ ဖြစ်ချင်ဖြစ်မယ်။ ခု လို သခင်ကိုယ်တော်မှိုင်းတော့ ဖြစ်မလာဘူးလို့ ကျွန်တော် ထင်မိဘာယ်။

ဘာပြုလို့လဲဆိုတော့ အင်္ဂလိပ်စာတတ်တဲ့သူနဲ့ ရွယ်တူ

mgyoe.com

mgyoe.com

လောက်ရှိတဲ့ အောက်သားတွေကိုကြည့်ပါ။ စပယ်ပင်ဦးလတ်နဲ့[၁] နဲ့ ဂျိမ်းစ်လှကျော်[၂] ဟာ သူ့ထက်ဆယ်နှစ်ကြီးတယ်။ ဆာရဲ့အေမောင်ကြီး[၃] က ငါးနှစ်ကြီး တယ်။ သမ္မတ ဦးချစ်လှိုင်[၄] ဆိုရင် သူ့ထက် သုံးနှစ်ငယ်တယ်။ ဦးမေ အောင်[၅] က လေးနှစ်ငယ်တယ်။ ဆာမောင်ကြီး[၆] က ဆယ်နှစ်ငယ်တယ်။ ဦးဖေမောင်တင်[၇] က တစ်ဆယ့်နှစ်နှစ်ငယ်တယ်။

အင်္ဂလိပ်စာတတ်ရင် အင်္ဂလိပ်ဘက်ပါသွားဖို့ နီးစပ်ပါတယ်။ အင်္ဂလိပ်ဘက်သားစစ်စစ် မဖြစ်သွားတောင် ယိမ်းယိုင်တွေဝေနေဖို့ များတယ်။ အခုလို မြန်မာဘက်က တစ်သမတ်တည်း ရပ်တည်နေနိုင်မယ်မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ ဟိုခေတ်က လက်တွေ့မျက်မြင်ပြောရရင် အင်္ဂလိပ်စာတတ် လူငယ်တွေဟာ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေတွေမှာ ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေ ဖြစ်လာကြတယ်။

> သို့ ကြည်ဖြူမြတ်နိုးပြီး ကိုးစားလောက်သည်၊ အားထားလောက်သည်ဟု တိုင်းပြည်ခေါင်းဆောင်အရာတွင် တင်မြှောက်လိုက်သော အခါ အချို့ခေါင်းဆောင်တို့မှာ ငါသည်ကားသာမညမဟုတ်၊ ဥက္ကဋ္ဌတည်းဟူသော သတင်းဟိတ်နှင့် အင်္ဂလိပ်စာတတ် ပုဂ္ဂိုလ်မြတ်၊ ပုဂ္ဂိုလ်

---

၁။ စပယ်ပင်ဦးလတ်၊ ၁၈၆၆ ဂျွန် ၁၉၂၁
၂။ ဂျိမ်းစ်လှကျော်၊ ၂၀ ဂျွန် ၁၈၆၆–၁၇ နိုဝင်ဘာ ၁၉၁၉
၃။ ဆာရဲ့အေမောင်ကြီး၊ ၁၂ ဒီဇင်ဘာ ၁၈၇၁ ၉ မတ် ၁၉၅၅
၄။ သမ္မတ ဦးချစ်လှိုင်၊ ၉ ဂျွန် ၁၈၇၉–၃၁ အောက်တိုဘာ ၁၉၅၂
၅။ ဦးမေအောင်၊ ၁၈၈၀–၁၉၂၆
၆။ ဆာမောင်ကြီး၊ ၁၀၈၆–၁၉၂၆
၇။ ဦးဖေမောင်တင်၊ ၂၄ ဧပြီ ၁၈၈၈–၂၇ မတ် ၁၉၇၃

mgyoe.com

mgyoe.com


ထူးဟု နတ်ရူးကို ဗုံနှင့်မြှောက်သကဲ့သို့ ဂုဏ်မောက်လိုသော ယင်းစိတ်ဖြင့် အမျိုးသားချင်းတို့အပေါ်မှာပင် နင်းနှိမ်ချိုးဖဲ့၍ အကျိုးမဲ့ ပြောဆိုရေးသား ဆဲရေးတိုင်းထွာ၍ မေတ္တာခေတ်ကြီးဖြင့် ပတ်စည်းနှောင်ဖွဲ့ခြင်းမပြု၊ ကရုဏာကင်းဝေး၍ မလေးမစား ပြုကြကုန်၏။

လို့ ဆရာကြီးကိုယ်တိုင် ရေးဖူးပါတယ်။။ 'အင်္ဂလိပ်စာ တတ်ရင် အမျိုးသားစိတ် ခေါင်းပါးသွားတတ်တယ်'လို့ ဆရာကြီး ကိုယ်တိုင်က ဒီလို ခွေးဋီကာ[၁] (၁၉၂၅) မှာ ရေးတာဟာ ယေဘုယျ အနေနဲ့ တော်တော်မှန်တယ်လို့ ထင်ပါတယ်။ တစ်ဖက်က ပြန်ကြည့်တဲ့အခါ အမျိုးသားမြန်မာနိုင်ငံတော်ဖြစ်တဲ့ မန္တလေး မြတောင်တိုက်ကို အသက်ကိုးနှစ်သားအရွယ်လောက်ကပဲ သူရောက်နေတာထောက်ရင် သူ့မိဘအသိုင်းအဝန်းက သူ့ကို မြန်မာပညာနဲ့ပဲ မင်းခယောက်ျား မှူးကြီးမတ်ကြီး ဖြစ်စေလိုတဲ့ ဆန္ဒရှိမှာ သေချာသလောက်ပါပဲ။ သူကိုယ်တိုင်ကလည်း မျောက်ဋီကာ[၂] (၁၉၂၂) ထဲမှာ 'တို့ဘုရင်သာရှိရင် ငါလည်း ရာကြီး ထူးကြီးနဲ့ပေါ့'ဆိုတဲ့ သဘောမျိုး ရေးခဲ့ဖူးပါတယ်။

ခုပြောတဲ့ အခြေခံအကြောင်းကြီးတစ်ရပ်ကို ခေါင်းထဲမှာ စွဲမှတ်ထားပြီးတော့မှ သူရေးတဲ့စာတွေကို စစ်ဆေးပြီး ကောက်ချက်ယူနိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော် ဆရာကြီးရဲ့ဋီကာတွေ အကုန်ဖတ်ဖို့ ကြိုးစားပါတယ်။ စာရင်းအရတော့ –

---

၁။ ခွေးဋီကာ၊ ရန်ကုန်၊ နေစိုးရှိန်စာပေ၊ ၁၉၆၉၊ ဒုတိယပုံနှိပ်၊ စာမျက်နှာ ၁၀၆

၂။ မျောက်ဋီကာ၊ ရန်ကုန်၊ ဒဂုန်မဂ္ဂဇင်းတိုက်၊ ၁၉၂၂၊ စာမျက်နှာ ၂၀၃

mgyoe.com

| | |
|---|---|
| ကြာငှက်ကာ | (၁ သြဂုတ် ၁၉၁၂) |
| ခွေးငှက်ကာ | (၁၉၂၅) |
| ဂဠုန်ပျံငှက်ကာ | (၄ ဒီဇင်ဘာ ၁၉၃၁) |
| စုံနံ့သာမြိုင်ငှက်ကာ | (မေ ၁၉၂၁) |
| ဆယ်ကုဋေကျော်ငှက်ကာ | (ဒီဇင်ဘာ ၁၉၂၆) |
| တစ်ဆူငှက်ကာ | (၉ ဖေဖော်ဝါရီ ၁၉၂၆) |
| ဆွာရတ်ငှက်ကာ | (၂၄ သြဂုတ် ၁၉၂၀) |
| ဒေါင်းငှက်ကာသစ် | (၃၀ မတ် ၁၉၂၀) |
| ဗိုလ်ငှက်ကာ | (၁၈ ဖေဖော်ဝါရီ ၁၉၁၃) |
| ပရမတ္ထဝိဘာဓနီငှက်ကာ | (သြဂုတ် ၁၉၃၃) |
| ဘွိုင်းကောက်ငှက်ကာ | (၃၁ ဇန်နဝါရီ ၁၉၂၁) |
| မော်ဓာရှင်ဘွဲ့ဗျာငှက်ကာ | (၁၉၁၇) |
| မျောက်ငှက်ကာ | (၉ ဇွန် ၁၉၂၂) |
| မြင်းငှက်ကာ | (၂၇ ဇူလိုင် ၁၉၂၅) |
| လက်မှုပညာငှက်ကာ | (၁၉၂၃) |
| သခင်ငှက်ကာ | (သြဂုတ် ၁၉၃၅) |
| သာသနာ့လင်္ကာရငှက်ကာ | (၉ သြဂုတ် ၁၉၂၁) |
| ဦးထွန်းရှိန်ရုပ်ခွဲငှက်ကာ | (၂၅ ဇွန် ၁၉၂၀) |

ဆိုပြီး အားလုံးတစ်ဆယ့်ရှစ်မျိုး တွေ့ပါတယ်။ ဒီတစ်ဆယ့်ရှစ်မျိုးထဲက အချို့အကြောင်းကို အခုရှာတွေ့တဲ့ ငှက်ကာတချို့နဲ့ လေးချိုးပေါင်းချုပ်တို့၊ ဆောင်းပါးပေါင်းချုပ်တို့မှာ ကောက်နုတ်ချက်တွေပါလို့ ဘာကိုရေးတယ်လို့ မှန်းနိုင်ပါတယ်။ အခု ကျွန်တော်ရေးတဲ့စာတမ်းက နိုင်ငံရေးအတွေးအခေါ်နဲ့ ဆိုင်လေတော့ အချို့ငှက်ကာတွေ ရှာမရလို့ မဖတ်ရပေမဲ့ ကျွန်တော်သိချင်တာတွေ ပြောချင်တာတွေ ပြောနိုင်ပါတယ်လို့ ကျွန်တော်

mgyoe.com

mgyoe.com


ထင်ပါတယ်။

ခွေး၊ ဂဠုန်၊ ဒေါင်း၊ ဗိုလ်၊ ဘွိုင်းကောက်၊ မျောက်နဲ့ သခင်ဋီကာတွေကိုဖတ်ပြီး နိုင်ငံရေးအယူအဆကို စစ်ဆေးတင်ပြတဲ့အခါ ကာလအပိုင်းအခြားဆိုရင်(၁၉၁၃ က ၁၉၃၈) အထိ နှစ်ဆယ့်ငါးနှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံရေးနဲ့အတူ ဆရာကြီးရဲ့ နိုင်ငံရေးသဘောထားတွေဟာလည်း 'ငါ့အမျိုးမှ ငါ့အမျိုး"ဆိုတဲ့ နယ်ကျဉ်းကျဉ်းကနေပြီး ကျယ်ပြန့်ကြီးပွားလာလိုက်တာ နိုင်ငံတကာ ငြိမ်းချမ်းသာယာရေးအထိ မြင့်သွားဟာကို တွေ့ကြရပါလိမ့်မယ်။

တိုတိုပြောရရင် ပထမအင်္ဂလိပ်အင်ပါယာထဲမှာပဲ ဒိုမီနီယန်စတေးတပ်[၁] ရရင် တော်ပြီလို့မှန်းတယ်။ နောက်တော့ လုံးဝလွတ်လပ်ရေးက တစ်ပြားမှ မလျှော့ဘူးဖြစ်လာတယ်။ လွတ်လပ်ရေးရပြီးရင် ဘယ်လိုနိုင်ငံ တည်ဆောက်မလဲဆိုတာ ချက်ချင်းမစဉ်းစားနိုင်သေးဘူးပေါ့။ ပဒေသရာဇ်နိုင်ငံ ပြန်ဖြစ်ချင်လည်း ဖြစ်နိုင်တယ်ဆိုတဲ့သဘော ရှိနေသေးတယ်။ နောက်တော့မှ ဆိုရှယ်လစ်နိုင်ငံပဲ ကြိုက်တယ်လို့ ပီပီသသဖြစ်လာပါတယ်။ အဲဒီကမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို အလိုရှိလာတယ်။ ရဖို့လည်း ကြိုးစားတယ်လို့ ဆိုပါတယ်။

ဆရာကြီးဟာ ဂျီစီဘီအေအဖွဲ့ကြီးကို မူလက ကျေနပ်ထောက်ခံ[၂] ခဲ့လို့ အဲဒီအသင်းကြီးရဲ့အကြောင်း နည်းနည်းပြောပါရစေ။

အသင်းကြီးဟာ တစ်နှစ်တစ်ကြိမ်တွေ့ဆုံတဲ့ ကွန်ဖရင့်လုပ်လေ့ရှိတယ်။ ဒီလိုတွေ့ဆုံကြတော့ ဘာတွေဆုံးဖြတ်ကြသလဲဆိုတာ ကြည့်လိုက်ရင် အသင်းကြီးအကြောင်းကို အကြမ်း

၁။ Dominion Status

၂။ မျောက် ၁၁

mgyoe.com

mgyoe.com


ဖျဉ်းသိနိုင်တာပေါ့။ ဝိုင်အမ်ဘီအေ^ နဲ့ အလားတူအသင်းတွေ ရန်ကုန်မှာ ၁၉၁၁ က ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကြီး လုပ်တယ်။ ဆုံးဖြတ်ကြတာတွေက

(၁) ဗုဒ္ဓဘာသာရဲ့ ဆိုဆုံးမချက်တွေကို စာသင်ကျောင်း မှာသင်ပေးပါ။

(၂) သမဝါယလုပ်ငန်းများ လုပ်ကြပါ။

(၃) သာမှု နာမှုတွေမှာ ဂုဏ်ပကာသနတွေလိုက်ပြီး ငွေဖြုန်းလွန်းတယ်။ ပြုပြင်ကြပါ။

(၄) တိုင်းရင်းသားလုပ်ငန်းငယ်ကလေးတွေကို ပြန်ပြီး ပျိုးထောင်ပါ။

(၅) အန္တရာယ်ပြုနိုင်တဲ့ လက်နက်မစွဲကိုင်ရလို့ အစိုးရ တားမြစ်ချက်တွေကို ထောက်ခံပါ။

(၆) ရဟန်းတွေ တရားဟောတဲ့အခါ ငွေကို ချွေတာ စုဆောင်းဖို့ နှိုးဆော်ပေးပါ။

ဆိုတဲ့ သဘောထားတွေတွေ့ရပါတယ်။ နိုင်ငံရေးသဘော အငွေ့အသက်ပါပေမဲ့ လူမှုစီးပွားရေးဆန်ပါတယ်။

ဒုတိယအစည်းအဝေးကြီးကို ၁၉၁၄ ရန်ကုန်မှာ လုပ်ကြ ပြန်တော့ အရင် ၁၉၁၁ ခုနှစ် ဆုံးဖြတ်ချက်ပုံစံမျိုးပဲ လူမှုစီးပွား ရေး ပြဿနာတွေကို တင်ပြဆွေးနွေးကြပါတယ်။ မန္တလေးမှာ ၁၉၁၅ တတိယနှစ်လည် ဆုံကြပြန်တော့ ဒီသဘောသွားပါပဲ။ တစ်ခုဆန်းတယ်ထင်တာက ငွေတိုးတောင်းခံပုံ ကြီးမြင့်လှတယ်။ တားမြစ်ပိတ်ပင်ဖို့ နည်းလမ်းရှာပါဆိုတဲ့အဆို ရှုံးသွားတယ်။ ထင်ရှားတာက ဒီမြန်မာအသင်းတွေက လူမှုစီးပွားရေး တိုးတက် ရာ တိုးတက်ကြောင်း ကြံဆအားထုတ်တယ်ဆိုတာတောင်


mgyoe.com

mgyoe.com


တိုင်းရင်းသားဘုရှားကို ထိခိုက်မယ့်ကိစ္စမျိုး မလုပ်ရဲဘူးဆိုတဲ့ အချက်ပါပဲ။ ဘာပြုလို့လဲဆိုတော့ အဖွဲ့အစည်းကိုယ်တိုင်က ဘုရှားအဖွဲ့ အစည်းဖြစ်လို့ပါပဲ။

ဟသ်ာတ ၁၉၁၆ နှစ်လည်အစည်းအဝေးကြီးမှာ မြန်မာ အသင်းကြီးက မကြာမီ အင်္ဂလိပ် စစ်အောင်နိုင်မယ်မျှော်လင့် ကြောင်း ပထမအဦးထားပြီး ဆုံးဖြတ်ကြပါတယ်။ မြန်မာစစ် သားတစ်ရာကျော်စုပြီး အင်္ဂလိပ်က ဥရောပစစ်မြေပြင်ကို သွက် တဲ့အတွက် အစိုးရကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါ တယ်။ အင်္ဂလိပ်အင်ပါယာ အကြာကြီးတည်တံ့ဖို့ ရည်ရွယ်ချက် နဲ့ ဖွဲ့စည်းတဲ့ ဘွိုင်းစကောက်[၁] ဖွဲ့ဖို့လည်း လိုလားကြတယ်။ ဒါပေမဲ့ ရှေ့အဖို့ အရာရောက်မယ့်

(၁) ပညာရေးမှာ ဥရောပတိုက်သားကိုတစ်မျိုး၊ တိုင်း ရင်းသားကို တစ်မျိုးခွဲပြီး မသင်ပါနဲ့။

(၂) တိုင်းရင်းသား အထည်အလိပ် အသုံးအဆောင်တွေ ကိုသာသုံးပါ။

(၃) အင်္ဂလိပ်ဘာသာရေး သိပ္ပံပညာစာအုပ်တွေ မြန်မာ ပြန်ကြပါ။

ဆိုတဲ့ အဆုံးအဖြတ်တွေ ပါလာပြီး ပျဉ်းမနား ၁၉၁၇ ကျင်းပတဲ့ ပဥ္စမနှစ်လည်အစည်းအဝေးကြီးမှာ အင်္ဂလိပ် အင်ပါယာ အသက်ရှည်ဖို့ နည်းလမ်းရှာဖွေတဲ့ အင်ပါယာကော် မတီ[၂] က စာသင်ကျောင်းမှာ အင်္ဂလိပ်လူမျိုးသာ ကျောင်းအုပ် ဖြစ်သင့်တယ်ဆိုတဲ့ သဘောထားကို ပြင်ပေးပါလို့ မေတ္တာရပ် ခံကြတယ်။ ဒီအချက်ဟာ နယ်ချဲ့ဆန့်ကျင်ရေးရဲ့ အခြေခံကလေး ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ ဒီနှစ်အစည်းအဝေးရဲ့ နောက်

---

၁။ Boy Scouts

၂။ Imperial Idea Comittee

mgyoe.com

mgyoe.com


တစ်ချက် မှတ်သားစရာကတော့ မြန်မာမတွေ လူမျိုးခြား မယူကြဖို့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်။ ပြင်းထန်တဲ့ မျိုးချစ်စိတ်ကို အရောက်ပို့မယ့်သဘော ဖြစ်ပါတယ်။

နောက်တစ်ခါ ဆဋ္ဌမနှစ်လည် (၁၉၁၈) အစည်းအဝေးကို မော်လမြိုင်မှာလုပ်တဲ့အခါ အင်္ဂလိပ်စစ်သားစုဆောင်းရေးကို ဝိုင်အမ်ဘီအေအသင်းမျိုးက ထိထိရောက်ရောက် ကူညီဆောင်ရွက်သင့်တယ်လို့ ဆုံးဖြတ်ပြန်တယ်။ အင်္ဂလိပ်ဆန့်ကျင်ရေးပုံစံဝင်ဖို့ အခုပြောတဲ့ ၁၉၁၈ ဟာ အများကြီး စောသေးတယ်ဆိုတာ ပြနေတယ်။

ပုသိမ်မှာကျင်းပတဲ့ ၁၉၁၉ သတ္တမနှစ်ပတ်လည် အစည်းအဝေးမှာ 'အင်္ဂလန်နိုင်ငံ ဂျော့ဘုရင်ကျေးဇူးသစ္စာကို မြန်မာလူမျိုးတို့ စောင့်သိရိုသေကြောင်း' ဆိုတဲ့ ဆုံးဖြတ်ချက်ကြီး ပါလာလေတော့ အရင်နှစ်နှစ်က အင်ပါယာစွဲကို နည်းနည်း ကန့်ကွက်လိုစိတ်မျိုးတောင် ပြန်ပျောက်သွားပြီလို့ ဆိုရမယ်။

အင်္ဂလိပ်က ပထမကမ္ဘာစစ်ကြီးမှာ နိုင်လိုက်လို့ အများကြီး ဂုဏ်တက်သွားတယ်ထင်ပါတယ်။ အဲဒီနောက် မျောက်ငြိကာထဲမှာ ညီညာပုံ ကျေနပ်စရာဖြစ်ကြောင်း ထည့်ရေးထားတဲ့ ၁၉၂၀ ပြည် ကွန်ဖရင့်[၁] ကျင်းပတဲ့အခါမှာ 'ပြည်မြို့အစည်းအဝေးကြီးသို့ လာရောက်ကြသော အသင်းများသည် ဂျော့ဘုရင်မင်းမြတ်အား ကြည်ညိုရိုသေကြပါကြောင်း' ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ထိပ်ဆုံးကဖြစ်ပါတယ်။ ဒီအစည်းအဝေးကို ဝိုင်အမ်ဘီအေအသင်းများရဲ့ ရှစ်ကြိမ်မြောက် အစည်းဝေးကြီးလို့ ခေါ်သလို ဂျီစီဘီအေရဲ့ ပထမအကြိမ် အစည်းအဝေးလို့လည်း ခေါ်ပါတယ်။ အစည်းအဝေး ကျင်းပတဲ့ ၂၉၊ ၃၀၊ ၃၁ အောက်တို

---

၁။ မျောက် ၁၁၁

mgyoe.com

mgyoe.com

ဘာ ၁၉၂၀ အထိ ကျောဘုရင်ကို ငါတို့အရှင်ဘုရင် ဧကရာဇ်လို့ ကျေကျေနပ်နပ် ခေါ်ကြတုန်းဖြစ်တာ သတိပြုကြရပါမယ်။

အဲဒီက တစ်လလောက်လွန်လို့ ၂၉ နိုဝင်ဘာ ၁၉၂၀ ကျူရှင်ကျောင်းသပိတ်၊ ၅ ဒီဇင်ဘာ ၁၉၂၀ မှာ ရန်ကုန်ကောလိပ်သပိတ် ပေါ်လာတော့မှ အမျိုးသားရေးနိုးကြားဖို့ လှုံ့ဆော်တဲ့အပိုင်းကို ရောက်ပါတယ်။

အခုလောက် နည်းနည်းပြည့်စုံအောင် ပြောမိတာကတော့ ဗိုလ်ငြိမ်းကာနဲ့ ဒေါင်းငြိမ်းကာ ရေးချိန်တုန်းက အမျိုးဘာသာ သာသနာ ကြီးပွားရေး အေးအေးသာသာ ပြောရုံဟောရုံအဆင့်ပဲ ရှိသေးတယ်ဆိုတာကို ထင်ရှားစေချင်လို့ ဖြစ်ပါတယ်။

ငြိမ်းကာတွေထဲက နိုင်ငံရေးအတွေးအခေါ်တွေကို စစ်ထုတ်လိုက်တဲ့အခါ အဆင့် ၃ ဆင့်ရှိတယ်ဆိုတာကို တွေ့ရပါတယ်။ ပထမအဆင့်ကတော့ ဆန့်ကျင်ရေးသဘောတရားပဲ[၁] ဖြစ်ပါတယ်။ မုန်းတီးရေးဆိုရင်လည်း ရပါကယ်။ လူမျိုးခြားဆန့်ကျင်ရေး[၂] စိတ်ဓာတ်ဟာ ပဓာနဖြစ်တယ်။ ကုလားကို မုန်းတယ်။ တရုတ်ကိုမုန်းတယ်။ အင်္ဂလိပ်ကို မုန်းတယ်။ ပြီးတော့ နိုင်ငံခြားသားနဲ့ ယှဉ်တွဲပါလာတဲ့ အရင်းရှင်နယ်ချဲ့ဟာ ရှုံ့စရာပါလားလို့ ရေးရေးပဲမြင်သေးတယ်။ အဲဒီတော့မှ ဒုတိယအဆင့်ကို တက်ရပါတယ်။ မျိုးချစ်စိတ်နဲ့ လုံးဝ လွတ်လပ်ရေးစိတ်ဓာတ်တွေပဲ ဖြစ်ပါတယ်။ အမျိုးကို ချစ်ဖို့ဆိုတာမှ လွယ်လွယ်ပြောလို့ အရာရောက်တဲ့ကိစ္စ မဟုတ်ဘူး။ တကယ်တမ်း နှစ်နှစ်ကာကာ စွဲလမ်းလာမှ ထိရောက်အောင်မြင်တာ ဖြစ်တယ်။

အဲဒါကြောင့် ဆရာကြီးရဲ့ ငြိမ်းကာတွေထဲမှာ အမျိုးသားကို

---

၁။ Anti-foreignism

၂။ Antagonism

mgyoe.com

mgyoe.com

အများဆုံးဟောပြောတာ တွေ့နိုင်ပါတယ်။ မျိုးချစ်စိတ် ရင့်သန်လာမှ ကျွန်ဘဝကလွတ်အောင် သေချင်သေပါစေ၊ တိုက်ခိုက်မယ်လို့ အဓိဋ္ဌာန်ပြင်းပြင်း ဝင်လာပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်လို ကြီးမားတဲ့ရန်သူကို ပေါ့ပေါ့တန်တန် ဆောင်ရွက်ရင် သေကုန်မယ်[၁] လို့ သတိပေးခဲ့ပါတယ်။ ငိုပြီး မုန့်တောင်းတဲ့ ကလေးဟာ ရတဲ့အခါ စားပစ်လိုက်တယ်။ လွတ်လပ်ရေးရဖို့ အကြိတ်အနယ်တိုက်ခိုက်နေရတဲ့ နိုင်ငံနဲ့လူမျိုးကတော့ လွတ်လပ်ရေးရပြီးတဲ့အခါ ဘယ်လိုနိုင်ငံမျိုး ထူထောင်မယ်ဆိုတာကို လွယ်လွယ်ပြောလို့ မဖြစ်ပါ။

သခင်ဋီကာ ရေးပြီးတဲ့ ၁၉၃၈–၉ မှာတောင် အဖြေမပေါ်သေးဘူးလို့ ထင်ပါတယ်။

ဒါပေမဲ့ ပထမကမ္ဘာစစ်ကြီး နောက်ဆုံးကာလ ၁၉၄၄ က ဆရာကြီးကွယ်လွန်တဲ့ ၁၉၆၄ အထိ အနှစ်နှစ်ဆယ်အတွင်းမှာ ဆရာကြီးရဲ့ဘဝက ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရေးနဲ့ ငြိမ်းချမ်းရေးဟာ ပန်းတိုင်လို့ပြသွားပါတယ်။ အဲဒါကြောင့် ဆရာကြီးနဲ့ ပတ်သက်တဲ့ နိုင်ငံရေးအတွေးအခေါ် တတိယဆင့်ဟာ ဆိုရှယ်လစ်နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ပြောခဲ့ပြီးသမျှ အကျဉ်းချုပ်ကို နည်းနည်းပြန်ပြီး ရှင်းလင်းပြဖို့လိုပါလိမ့်ဦးမယ်။

ဋီကာတွေထဲက ပထမဆုံး ထင်ရှားလာတဲ့ နိုင်ငံရေးအယူအဆဟာ ဆန့်ကျင်ရေးသဘောတရားဖြစ်တယ်လို့ ပြောခဲ့ပြီးပါပြီ။ ဆန့်ကျင်ရေးဆိုတာမှာလည်း အဦးအစ ပွင့်လန်းလာတာက လူမျိုးခြားမုန်းတီးရေးပဲ ဖြစ်ပါတယ်။ ဒီသဘောထားကို အမျိုးသားတစ်ဦးရဲ့ စွပ်စွဲချက်အနေနဲ့ ...

တို့မြန်မာအမျိုးသမီးတွေဟာ ဝံသာနုရက္ခိတ

---

၁။ ဂျူနံပျံဒီပနီဋီကာ၊ ရန်ကုန်၊ သူရိယသတင်းစာတိုက်၊ ၁၉၃၃၊ စာမျက်နှာ ၂၊ ၁၆၇၊ ၁၉၊ ၂၀

mgyoe.com

mgyoe


တရား မရှိပုံက မြန်မာလူမျိုးချင်းမှရယ်လို့ သဘော
မထားဘူး။ ကုလားတွေ ယူ၊ တရုတ်တွေယူ၊ ဗိုလ်
တွေယူနှင့် သူတို့ကစလို့ ဝံသာနုရကွဲတ တရားတွေ
ကို ဖျက်ပစ်တာကလားလို့[၁] လို့ တင်ပြခဲ့တယ်။

အဲဒါကို အမျိုးသမီးတစ်ဦးက ချေပတဲ့သဘောနဲ့

ကုလားချစ်မှ ရထားသစ်စီးရသတဲ့။ တရုတ်
ကြိုက်မှ အုတ်တိုက်နဲ့ နေရသတဲ့[၂]။

လို့ ပြောတာကိုလည်း ထည့်ရေးတယ်။ ဒီသဘောမျိုးပဲ 'အစား
တစ်လုတ်နဲ့ မယားလုပ်ရရှာတဲ့ ကုလား တရုတ်ကတော်တွေ'
လို့ ကရုဏာနဲ့ ဖော်ပြခဲ့ဖူးပါသေးတယ်။

ဒီနေရာမှာ မိန်းမတွေဟာ အရင်းရှင်စီးပွားရေးပုံစံအရ
ယောကျ်ားအပေါ်မှာ ဘဝရပ်တည်ရေးအတွက် မှီခိုနေရလို့ ဖူ
လုံရေးကို ရှေ့တန်းထား စဉ်းစားတာပဲဆိုပြီး အရင်းရှင်စီးပွား
ရေးကို တိုက်ခိုက်တဲ့သဘော ပါချင်မှပါမယ်။ ဆရာကြီးရဲ့ ရည်
ရွယ်ချက်ကတော့ အမျိုးဇာတိမာန်ထားပြီး ကျားမ မရွေး လူ
မျိုးမတိမ်ကောအောင် သတိနဲ့ ထိန်းသိမ်းစောင့်စည်းရမယ်။

ဥပမာ တရုတ်ကုလားကို အဖေတော်ရတဲ့ ကလေးဟာ
ဘယ်နည်းနဲ့မှ မြန်မာမျိုးချစ်စိတ် ရင့်သန်နိုင်မယ်မဟုတ်ဘူးလို့
မြင်တဲ့အတွက် ဖြစ်ပါတယ်။ တိုင်းတစ်ပါးသား မုန်းတီးရေးမှာ
တရုတ်ကုလားနဲ့ စလိုက်ပါမှ အင်္ဂလိပ်မုန်းတီးရေးအထိ အများ
ပရိသတ်ကို ခေါ်သွားဖို့ လွယ်မယ်ဆိုတဲ့ သဘောပဲဖြစ်ပါတယ်။

အင်္ဂလိပ်မုန်းတီးရေးပိုင်းမှာ ဆရာကြီးကိုယ်တိုင် ခံပြင်းတဲ့
အချက်တစ်ခုလည်း ပါမယ်လို့ထင်ပါတယ်။ စစ်ကိုင်း ရွှေ

---

၁။ ဗိုလ်ဋီကာ၊ ရန်ကုန်၊ စိန်ပန်းမြိုင်စာပေ၊ ၁၉၇၆၊
ဒုတိယပုံနှိပ်၊ စာမျက်နှာ ၂၆၀

၂။ ဗိုလ်ဋီကာ ၂၆၂

mgyoe.com

mgyoe.com


စကားဝါချောင်က မယ်ကုမ္ဘာရဲ့အပြောနဲ့ တစ်နေရာမှာ–

'ရှင်တို့ ကျွန်မတို့ ဆရာကြီးမှာ၊ သုဒ္ဒါနရည်းမှာလည်း၊ တျာတီးသံလိုနှင့်၊ ကဗျာနည်းအလင်္ကာ၊ ရာဇဝင်စာတွေနှင့်၊ မြန်မာပညာအတတ်၊ ရာဇသတ်၊ ဓမ္မသတ်ဖြတ်ထုံး အလုံးစုံကို၊ အကုန်ပင် ကျေပါသဖြင့်၊ ပညာရဲရင့် ပွဲလယ်တင့်ဆိုသလို၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းသတ္တိ ရှိလင့်စေကာမူ၊ မြန်မာစာ အကျိုးမပေးချိန်မို့၊ တန်ခိုးမှေးမှိန်နေတာပါရှင်။ [၁]'

လို့ ရေးထားတာ တွေ့ရတယ်။ မြန်မာစာရဲ့ အနှစ်သာရကို လူတွေ မသိကြတော့ဘူး။ တခြားနိုင်ငံက အသိပညာတွေကိုသာ အထင်ကြီးနေကြလို့ မြန်မာဘက်က ညံ့သလိုထင်ရပေမဲ့ တကယ်မညံ့ဘူး။ အားထားစရာတွေလည်း မြန်မာမှုမှာ ရှိတယ်လို့ ရဲရဲဝံ့ဝံ့ တင်ပြနေတာပဲဖြစ်တယ်။ ဆရာကြီး စောစောက ပြောခဲ့သလို အင်္ဂလိပ်စာတတ်သူတွေ မောက်မာရိုင်းစိုင်းကြလေတော့ သူတို့ကိုနိုင်ဦးမှလို့ အယူအဆလည်းရှိမှာ အမှန်ဖြစ်ပါတယ်။ မယ်ကုမ္ဘာရဲ့အပြောနဲ့ပဲ ဆက်ပြောပုံက–

'အရှင်တုန်းက ခေတ်အခါလိုသာဖြင့် ဘာပြောစရာရှိမှာလဲ။ မစ္စတာမှိုင်းဟာ၊ မြန်မာတိုင်းမှာ သတင်းချွန်ပြီး၊ မြင်းခွန်တွေ၊ ကင်းခွန်တွေစားရတဲ့ အတွင်းဝန်ကြီးဘစ်ပါးရယ်လို့၊ မယားဆိုတဲ့ ဝန်ကတော်တွေ မှိုလိုပေါက်မဲ့ပြင်၊ တိုတိုကောက်ကောက် ပြောရမှာဖြင့်၊ လောကရဲ့မင်္ဂလာ အကြင်မြန်မာပြည်ရဲ့အကျိုးကို သည်ပိုးဆောင်ရွက်မှုမှာ

---

၁။ မျောက် ၂၀၃

mgyoe.com

mgyoe.com


လည်း၊ ယခုအခါ မကြာမကြာ ရန်ဖြစ်နေကြတဲ့၊ မြန်ခေတ်မှာ ချောတယ်ဆိုတဲ့၊ ဘီအေအမ်အေတွေဟာ၊ ကျွန်မတို့ ဆရာကြီးမှိုင်းရဲ့ သိုင်းတို့၊ ကျိုင်းတို့၊ ထီးတို့၊ တောင်ဝှေးတို့၊ ကွမ်းအစ်တို့၊ ဒန်တိုတို့ဆိုတဲ့ အဆောင်ကိုင် အယောင်ကိုင်သမားလောက် ဂုဏ်ပေါ့လို့၊ ကြွားမောက်ဖွယ်လည်း ရှိပါတယ်။[၁]'

လို့ တွေ့ရပါတယ်။ ဒီနေရာမှာ ကြွားမောက်ဖွယ်ရှိတယ်လို့ ပြောထားပေမဲ့ ကြွားလိုတာထက် အင်္ဂလိပ်က တစ်ဖက်စီးနင်း သူတို့ ပညာသင်ပေးထားတဲ့လူကိုပဲ သူတို့မြှောက်စားနေတယ်။ သူတို့ပညာ မသင်ပေမဲ့ မြန်မာတွေထဲမှာ လူတော် လူကောင်းတွေ အများအပြားရှိတယ်လို့ အင်္ဂလိပ်ဆန့်ကျင်ရေးသဘောကို ဖော်ပြတာပဲဖြစ်တယ်။ အမှန်ကတော့ အင်္ဂလိပ်မုန်းတီးရေးကို ဘွိုင်းကောက်ငွေကာကြီး[၂] မှာ စတင်ရေးသားတာပဲ။ အင်္ဂလိပ်စာသင်ကျောင်းတွေ ပျက်စီးကြပြီ[၃] လို့ ကြွေးကြော်လိုက်တယ်။ အင်္ဂလိပ်အင်ပါယာစွဲ သွင်းပေးနေတဲ့ အင်္ဂလိပ်ကျောင်းတွေ ပျက်သုဉ်းရမှာပဲလို့ သိစေလိုတဲ့သဘောပါပဲ၊ တစ်မျိုးပြောရရင် အဲဒီရေးပုံဟာ နယ်ချဲ့ဆန့်ကျင်ရေး အစပျိုးတာပဲဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။

ဘီအေအမ်အေတွေကို ရေးကသာဆိုရင် ထီးကိုင် ဖိနပ်ကိုင်ပဲ ဖြစ်တော့မပေါ့လို့ မြန်မာပညာရှိကို အမွန်းတင်ချင်လို့သာ ခေတ်ပညာတတ်တွေကို ခပ်နှိမ်နှိမ်ပြောခဲ့ဖူးပေမဲ့ တကယ်တော့ ဆရာကြီးမှာ ဒီအင်္ဂလိပ်စာတတ် လူငယ်ပိုင်းကို အားကိုးတဲ့စိတ်

---

၁။ မျောက် ၂၀၃–၄

၂။ ဘွိုင်းကောက်ငွေကာကြီး၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက် ၁၉၆၀ ဒုတိယပုံနှိပ်

၃။ ဘွိုင်း ၁၂

mgyoe.com

mgyoe.com


ရှိပါတယ်။

'ကာလဆန်ဆန် ဟန်ရပန်ရ၊ ဉာဏ်စွမ်းရှိသူ၊ လူငယ်လူရွယ်အပေါင်းတို့သည်၊ ရှေးဟောင်း လွန်ခဲ့ပြီဖြစ်သော မန္တလေးခေတ်မှာ ရှိပါဘိမူကား ပစ္စုကြွင်းနှံး၊ ထိးနန်းမပျက်၊ ခုထက်တိုင်အောင်၊ ရှိကောင်း ရှိပေလိမ့်မည်။[၁]'

လို့တောင် ရေးခဲ့ပါသေးတယ်။ လိုရင်းအချက်ကတော့ အင်္ဂလိပ်ဆန့်ကျင်ရေးမှာ အင်္ဂလိပ်ပညာတတ်မှပဲ နေရာကျမယ်ဆိုတဲ့ အဆုံးအဖြတ်ကို ရည်ညွှန်းတာပဲဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

အမျိုးသားစိတ် နိုးကြားရေးနဲ့ပတ်သက်တဲ့အခန်းမှာ ဆရာကြီးက အကြောင်းအရာငါးမျိုးခွဲပြီး ရေးသားလှုံ့ဆော်တာကို တွေ့ရပါတယ်။ ဒီလိုလှုံ့ဆော်ချိန်မှာပဲ တစ်ဖက်ကလည်း ခေါင်းဆောင်တက်လုပ်ကြဖို့ အားပေးခဲ့ပါတယ်။

ဆရာကြီးရဲ့ လှုံ့ဆော်ရေး ငါးမျိုးကတော့

(၁) မြန်မာမှုတွေ ပြန်လည်ဆန်းသစ်ရေးရယ်၊
(၂) နိုင်ငံရေးအသိစိတ်ဓာတ် ရှင်သန်ရေးရယ်၊
(၃) အမျိုးသားပညာရေးရယ်၊
(၄) တိုင်းရင်းသား စီးပွား ဖူလုံရေးရယ်၊
(၅) ပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆိုတာတွေ ဖြစ်ပါတယ်။

မြန်မာမှုပြန်လည်ဆန်းစစ်ရေးဆိုတာ နယ်ချဲ့ကို ဆန့်ကျင်ရာမှာ အင်မတန် အားကောင်းတဲ့လက်နက် ဖြစ်ပါတယ်။ အဲ

---

၁။ မျောက်ဋီကာသစ်၊ မန္တလေး၊ လူထုသတင်းစာတိုက်၊ ၁၉၆၀ တတိယပုံနှိပ်၊ စာမျက်နှာ ၁၈၉

mgyoe.com

mgyoe.com



ဒါကို ဆရာကြီးက သူ့ဋီကာတွေထဲမှာ အလျဉ်းသင့်သလို သုံးသွားပါတယ်။ မြန်မာမှုပြန်လည်ဆန်းသစ်ရေးမှာ ထိပ်ဆုံးက လာတာကတော့ မင်းပွဲသဘင် အဝတ်အစားနဲ့ နေ့စဉ်သာမန် အဝတ်နှစ်မျိုးလုံးပါတဲ့ မြန်မာ့ရိုးရာ ဝတ်ဆင်ပုံတွေကို အမွှန်းတင်တာ[၁] ဖြစ်ပါတယ်။ ပင်နီအင်္ကျီနဲ့ ယောလုံချည်ဝတ်ကြဖို့[၂] တိုက်တွန်းနှိုးဆော်တဲ့အခါ မြန်မာမှု ပြန်လည်ဆန်းသစ်တာ အပြင် တိုင်းရင်းသားစီးပွားရေးကို အားပေးရာလည်း ရောက်တယ်။ နိုင်ငံခြားကုန် သပိတ်မှောက်ရာလည်း ရောက်တယ်။ စွယ်စုံရလက်နက်ကောင်း ဖြစ်လာပါတယ်။

နောက်လက်နက်တစ်ခုကတော့ မြန်မာ့ရိုးရာ ယုံကြည်မှုကို ကာကွယ်ခြင်းပဲဖြစ်တယ်။ ငါတို့ရဲ့ခုလေ့အမွေအနှစ်ဟာ မက်မောနှစ်သက်စရာဖြစ်ပုံကို စွမ်းသလောက် ဖော်ထုတ်ရေးသားခဲ့ပါတယ်။ ကမ္ဘာ မလုံးဘူး၊ ပြားတယ်[၃] ဆိုတာ ရယ်စရာတွေထည့်ပြီး အကျယ်တဝင့် ရေးတယ်။ ဒီရိုးရာယုံကြည်မှုဆိုတာ ဗုဒ္ဓဘာသာလည်းပါတယ်။ ဗုဒ္ဓဝါဒ ဆက်လက်ရှင်သန်ကြီးထွားဖို့ကို ပြည်တွင်းသာမ ပြည်ပဖြစ်တဲ့ ဥရောပအထိ ပျံ့နှံ့ဖို့ ကြိုးစားနေသူတွေကို ထောက်ခံအားပေးရေးသား[၄]တယ်။ မြန်မာတိုင်း မြန်မာစာပေကို မြတ်နိုးဖို့ကိုလည်း အရေးကြီးတယ်[၅] ဆိုတာ ဂရုတစိုက် ရေးသားဖော်ပြခဲ့ပါတယ်။ အင်္ဂလိပ်စာတတ်ရင် အမျိုးသားစိတ် ကင်းသွားမှာစိုးတယ်[၆] လို့ ပထမ ပုတ်ခတ်

---

၁။ ဗိုလ် ၄၊ ၂၄၂၊ ဂဠုန် ၅၉

၂။ မျောက် ၁၉၅

၃။ ဗိုလ် ၁၆၈

၄။ ဗိုလ် ၁၄၁

၅။ ဗိုလ် ၁၈၄

၆။ ဗိုလ် ၁၀၆

mgyoe.com

mgyoe.com



လိုက်ပေမဲ့ မြန်မာလူငယ်တွေ၊ ခေတ်ပညာတတ်ဖို့ လိုတယ်ဆို တာကို အများကြီး ထောက်ခံရေးသားခဲ့တယ်။

ဥပမာ မြန်မာနိုင်ငံ မြို့ကြီးတွေမှာ ကောလိပ်တွေ ဖွင့်ပေး ထားဖို့လိုမယ်[၁] လို့ ဗဟန်းကောလိပ် ဖွင့်ရတဲ့အခါကပဲ ရေးခဲ့ပါ တယ်။ ခေတ်ပညာနဲ့ အမျိုးသားတိုးတက်ရေးဟာ တွဲနေရမယ် လို့ နည်းတစ်ခုအနေနဲ့ သတ်မှတ်ခြင်းပဲဖြစ်ပါတယ်။ အဲဒီ အထက်တန်းပညာ သင်ကြားရာမှာ ရေးမြန်မာအုပ်ချုပ်ပုံနဲ့ မြန် မာမင်းဟာ အင်္ဂလိပ်တွေ ရှုတ်ချကဲ့ရဲ့သလို မဆိုးယုတ်ဘူး[၂] ဆို တာ ရှင်းလင်းဟောပြောဖို့ လိုတယ်လို့လည်း တင်ပြခဲ့ပါတယ်။ ရှေးအုပ်ချုပ်ပုံမှာ ခေတ်မီအောင် ပြုပြင်တိုးချဲ့လိုက်ရင် လူမျိုး ဓလေ့နဲ့ကိုက်ညီတဲ့ အကောင်းဆုံးအုပ်ချုပ်ပုံကို ရနိုင်တယ်လို့ ရည်ညွှန်းလိုတဲ့ သဘောလည်းပါတယ်။ အဲဒီလို အချက်အလက် တွေ ပြည့်စုံတဲ့အတွက် မြန်မာမှု ပြန်လည်ဆန်းသစ်ရေးဟာ ဆရာကြီးမျှော်မှန်းသလို နောက်ဆုံး အောင်ပွဲရတယ်လို့လည်း ပြောနိုင်ပါတယ်။

ဒုတိယဖြစ်တဲ့ နိုင်ငံရေးအသိစိတ်ဓာတ် ရှင်သန်ရေးမှာ ဆရာကြီး အကြိုက်ကတော့ လူတိုင်းနိုးကြားနေရမယ်။ ဘယ် သူဟာ ရန်သူအစစ်လို့ သိနေရမယ်၊ ခွေးဟာ ရိုက်တဲ့သူကို ရန်မတုံ့ပြန်ဘဲ ရိုက်တဲ့တုတ်ကိုပဲ လိုက်ကိုက်တာမျိုး မဖြစ်စေ နဲ့[၃] လို့ ဆုံးမတယ်။ အဲဒီရန်သူကို တိုက်ခိုက်တဲ့အခါမှာ အသိဆို တဲ့ သဘောတရားမှန်ရမယ်။ လက်တွေ့ဆိုတဲ့ လုပ်ငန်းမှန်ဖို့ လိုတယ်ဆိုတဲ့ ညွှန်ပြချက်ပါပဲ။

---

၁။ မျှောက် ၁၃၆

၂။ ဒေါင်း ၅၂၊ ၁၈၉

၃။ ခွေး ၃၃၃

mgyoe.com

mgyoe.com



ဒီနေရာမှာ မြန်မာ့နိုင်ငံရေးမှာ ဘုန်းကြီးတွေ ဩဇာရှိလို့ ဘုန်းကြီးတွေ နိုင်ငံရေး ပြောပါ ဟောပါ ဝင်ရောက်ဆောင်ရွက်ပါ[၁] လို့လည်း နှိုးဆော်ခဲ့ပါတယ်။ ဆရာကြီးအားထားတဲ့ ဂျီစီဘီအေက ဘိလပ်ကို ကိုယ်စားလှယ်လွှတ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့်ဆင့်တိုးတက်ပေးရန်[၂] နဲ့ နောက်ဆုံး အင်္ဂလိပ်အင်ပါယာထဲမှာပဲ ကိုယ်ပိုင်အုပ်ချုပ်ရေးရရန်[၃] တောင်းဆိုနေတော့ ဆရာကြီးကလည်း အဲဒီနည်းတွေပဲ နောက်ယောင်ခံပြီး ထောက်ခံနေပါသေးတယ်။ ဒါပေမဲ့ မကြာခင် ဒိုင်အာခီကို မကြိုက်ဘူးလို့ အတိအကျဆုံးဖြတ်လိုက်တယ်။

ယခုကာလ မြန်မာပြည်တစ်ပြည်လုံးက မကြိုက် မနှစ်သက် မလိုချင်ဒ‌သာဒိုင်အာခီ[၄] လို့ ရေးခဲ့တာကိုလည်း ခွေးငြိုကာထဲမှာ ဖတ်ရပါတယ်။

သေသေချာချာ စစ်ဆေးကြည့်တဲ့အခါ ဟုမ္မရူး[၅] လည်း အလကားပဲ။ ဒိုမိနီယန်စတေးတပ်လည်း အလကားပဲ[၆] လို့ ဖော်ထုတ်ပြီးတဲ့အခါမှာ လုံးဝလွတ်လပ်ရေးသာ လိုရင်းဖြစ်တယ်[၇] လို့ ဖော်ထုတ်ကြေညာခဲ့ပါတယ်။

ဒီနေရာမှာ ဟိုခေတ်က နိုင်ငံရေးသမားတွေ ဥပဒေပြုကောင်စီထဲရောက်အောင် အမတ်အရွေးခံပြီး ကောင်စီထဲရောက်ခါမှ ဒိုင်အာခီစနစ်နဲ့ နိုင်ငံအုပ်ချုပ်ရေးအလုပ် လုပ်မရအောင်

---

၁။ မျောက် ၁၆၇–၈။ ခွေး ၃၁၁
၂။ ဒေါင်း ၂၁
၃။ ဒေါင်း ၁၉၂
၄။ ခွေး ၃၇
၅။ မျောက် ၁၀၈၊ ၁၇၀
၆။ မျောက် ၁၇၀
၇။ ခွေး ၁၇၊ ၄၅၊ ၆၄ (Swaaraj/ Home Rule)

mgyoe.com